# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့ရှိအကျဉ်းထောင်၊ရဲစခန်းအချုပ်ခန်းများ၊တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းတို့အားကြည့်ရှုစစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဉ်း၍
# ကော်မရှင်၏သတင်းထုတ်ပြန်ချက် ( ၆ /၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ပါဝင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၃-၂၀၁၇ ရက်နေ့တွင် မြစ်ကြီးနားမြို့ရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းနှင့်ဆေးရုံအချုပ်ခန်းတို့အားကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ မြစ်ကြီးနားအကျဉ်းထောင်အားအောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) အကျဉ်းသားဦးရေများပြား ကြပ်တည်းနေဆဲဖြစ်သဖြင့် ထောင်ပြောင်းရွှေ့ခြင်း၊ အိပ်ဆောင်များတိုးချဲ့ဆောက်လုပ်ခြင်း၊ မူးယစ်ဆေးဝါး ဥပဒေကျူးလွန်သူများ အနက် ပမာဏအနည်းငယ်မျှသာ တွေ့ရှိရသူများအား အသိပညာပေးပြီး လျှော့ရက်များပေးကာထောင်အင်အားလျော့စေခြင်းစသည်ဖြင့်စီမံဆောင်ရွက်ရန်၊

(ခ) မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသည့် အသက်၇၀ကျော် သက်ကြီးအကျဉ်းသား/အကျဉ်းသူ၂၂ဦးအား အထက်အဆင့်ဆင့်သို့ တင်ပြ၍ ပြန်လည်လွှတ်နိုင်မည့်နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(ဂ) အကျဉ်းသားများအား ပညာရေးစာသင်ခန်းများဖွင့်လှစ် ပို့ချနိုင်ရေးအတွက် အကျဉ်းထောင်အတွင်းအဆောက်အဦးနေရာတစ်ခုစီစဉ်ရန်၊

(ဃ) စားဖိုကြီးတွင် အစားအသောက်နှင့် အိုးခွက်ပန်းကန်ထားရှိရာ နေရာများတွင် ယင်ကောင်များတွေ့ရှိရသဖြင့်ယင်လုံဇကာများတပ်ဆင်ရန်၊

(င) မိခင်အကျဉ်းသူများနှင့် အတူရှိသောကလေးငယ်များ အတွက်ဖြည့်စွက်နို့မှုန့်များ ထုတ်ပေးရန်၊

(စ) အဆောင်တိုင်းတွင်မီးသတ်ဆေးဘူးများထားရှိရန်၊

(ဆ) အကျဉ်းသူများနှင့် အတူရှိနေသောကလေးငယ်များမှာ လူကြီးများထံမှ ရောဂါကူးစက်နိုင်သဖြင့်ပြင်ပမှ ကလေးအထူးကုများအား လစဉ်ပင့်ဖိတ်၍စစ်ဆေးကုသနိုင်ရေး ဆောင်ရွက်ရန်၊

(ဈ) မူးယစ်ဆေးဝါးအမှုဆိုင်ရာ အကျဉ်းသားများအတွက် ပညာပေးသင်တန်းများပို့ချပြီး ပြန်လည်ဆန်းစစ်ခြင်းဖြင့်လျော့ရက်ပေးသည့်စနစ်ကိုစမ်းသပ်ကျင့်သုံးရန်၊

၃။ မြစ်ကြီးနားမြို့၊ နယ်မြေရဲစခန်းအချုပ်ခန်းရှိ အိမ်သာများသန့်ရှင်းရေးဆောင်ရွက်ရန်၊ ဆေးရုံအချုပ်ခန်းအချုပ်သားလူနာ အခန်းမှာအနံ့အသက်မကောင်းသဖြင့် သန့်ရှင်းရေးဆောင်ရွက်ပေးရန်၊ အချုပ်သူလူနာများအား အညောင်းပြေလမ်းလျှောက်နိုင်ရန် အချုပ်သားများနှင့်သီးခြားခွဲ၍ ဆောင်ရွက်ပေးရန်၊ လေဖြတ်နေသောအချုပ်သား လူနာအားမိသားစုမှ လူနာစောင့်နိုင်ရေး ဆောင်ရွက်ပေးရန်စသည့်အချက်များအားအကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၇ခုနှစ်၊ဧပြီလ၅ရက်